# ၁၉၅၈ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် (ပြင်ဆင်ချက်) အက်ဥပဒေ။[၁]

[၁၉၅၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၂။]
(၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ ၁၉၅၈ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် (ပြင်ဆင်ချက်) အက်ဥပဒေ ဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမ္မတက၊ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင်[၂] စတင်အာဏာတည်ရမည်။

၂။ ။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (၁) ၏ လက်ရှိ ခြွင်းချက်အစား၊ အောက်ပါခြွင်းချက်ကို ထည့်သွင်းရမည်။

"ခြွင်းချက် ။ ။ သို့ရာတွင် ကုန်းလမ်းခရီးဖြင့်ဖြစ်စေ၊ ရေလမ်းခရီးဖြင့်ဖြစ်စေ၊ ခရီးသွားရန် အကြောင်းရှိလျှင်မှတစ်ပါး၊ သို့တည်းမဟုတ် မိမိကိုးကွယ်သည့်ဘာသာဓလေ့ ထုံးတမ်းစဉ်လာအရ အကြောင်းထူးများရှိလျှင်မှတစ်ပါး၊ တစ်ကြိမ်လျှင် အများဆုံး သုံးရက် ထက်ပို၍ ရနိုင်ခွင့်မရှိစေရ။"

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၀ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်။
(၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်။)

အမိန့်အရ

ပါဝိန်၊
နိုင်ငံတော်သမ္မတ၏အတွင်းဝန်။

---

၁။ မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်၊ စာမျက်နှာ - ၃၂၇၀။
၂။ ဤအက်ဥပဒေသည် ၁၉၅၉ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် စတင်အာဏာတည်သည်။ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားဌာနခွဲ (၁) ၏ ၂၃-၅-၅၉ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၁။ မြန်မာနိုင်ငံပြန်တမ်း၊အပိုင်း-၁၊ ၁၉၅၉ ခုနှစ်၊ မေလ (၃၀) ရက်၊ စာမျက်နှာ - ၁၀၂၅။